Because this impacts national security and state affairs, all departmental and administrative officials must be vigilant and execute their duties with absolute honesty.

**Attach link file Translation (11)**
That's why I say Christianity is a gathering place for liars, frauds, and vile people. Exposing a nine-degree graduated Gone Aung. He lied that his mother had already passed away, even though she is still alive..."

**Attach link file Translation (12)**
**Caption**
Parents, do not let your guard down or feel entirely at ease after sending your children to tuition.

If the tuition teacher belongs to a different religion, be cautious.

**Attach link file Translation (13)**

**Caption**

Because there are far too many eccentric fools and shameless people in the village, if the government were to fence in and exhibit these people, alongside the 'Kalar-kone' those who post nonsense online, and individuals like the wicked woman or the 'vulgar legends' who insist on taking the stage despite being unable to sing, it would substantially boost national revenue and might unexpectedly even achieve global notoriety."

**Attach link file Translation (14)**

Main Caption Text

"It is reported that female Bamar PDF terrorists, along with other young women who were recruited and are currently undergoing training, are being abused by KIA insurgents. During the day, they are stripped of their trousers, beaten, and tortured. At night, they are sexually assaulted and violated against their will under the mosquito net.

**Attach link file Translation (15)**

Work for Revolution

In days, they are tortured by long sticks

At night, they are tortured by short and dark sticks in the mosquito net

**Attach link file Translation (16)**

**Caption**

The CNO's Treasurer urges the public to uphold the legacy of martyred women and highlights the gender equality on the battlefield…

Post below **the caption**

Now that their male fighters have been depleted, the Chin insurgents are turning to women….

**Attach link file Translation (17)**

**Caption**

In Rakhine State, currently experiencing widespread starvation, the number of Rakhine female sex workers and KTV hostesses is rising for their survival. The AA is also systematically and continuously forcing these women into sexual slavery…

**Attach link file Translation (18)**

**Chaung U PDF**

*It has been reported that on the 28th, two Buddhist monks, including the abbot of the monastery in Shan Htoo Village, Chaung U Township, were allegedly killed by masked Muslim PDF groups for assisting with monastery-related matters.*

*It was also reported that two people were seized from a ward in Chaung U town and are believed to have been killed.*

*Additionally, today, near the toll gate on the outskirts of Chaung U town, beyond the Pakokku road junction, seven unidentified bodies were reportedly found piled together. Local residents said that the identities of the deceased and the villages they came from have not yet been determined.*

**Attach link file Translation (19)**

When Thayetkan village in Myaing Township was captured, only the elderly residents remained.
The PDF then brutally massacred the parents of those militia members.
These are utterly unforgivable acts.

**Attach link file Translation (20)**

*Hpruso PDF camp.*
*Hpruso KNDF camp.*
*Crushed, burned, and roasted.*




## မေလအတွင်း လူမှုမီဒီယာမှ အမုန်းစကားများ၊ သတင်းတု သတင်းမှားများ တွေ့ရှိရမှု အစီရင်ခံစာ

### ၁။ နိဒါန်း

မြန်မာနိုင်ငံအတွင်း ဆိုရှယ်မီဒီယာနှင့် အခြားဆက်သွယ်ရေးလမ်းကြောင်းများပေါ်တွင် အမုန်းစကား (Hate Speech)များ၊ သတင်းတုသတင်းမှားများ ပျံ့နှံ့မှုသည် လူမျိုးရေး၊ ဘာသာရေးနှင့် နိုင်ငံရေးတင်းမာမှုများကို ပိုမိုအားကောင်းစေပြီး လူမှုအသိုင်းအဝိုင်း အတွင်း ပဋိပက္ခများမြင့်တက် လာစေနိုင်သည်။ ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ မေလ အတွင်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အမုန်းစကားများကို စနစ်တကျ စောင့်ကြည့် လေ့လာကာ ၎င်းတို့၏ အဓိကအရင်းအမြစ်များ၊ ပျံ့နှံ့မှုပုံစံများ၊ ထိခိုက်နိုင်ခြေရှိသော လူမှု အုပ်စုများနှင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ဆန်းစစ်ထားပါသည်။

ဤလေ့လာမှုတွင် ဖေ့စ်ဘုတ် (Facebook), TikTok, တယ်လီဂရမ် (Telegram) အပါအဝင် လူသုံးများသော ဆိုရှယ်မီဒီယာပလက်ဖောင်းများပေါ်ရှိ အကြမ်းဖက်မှုနှင့် လှုံ့ဆော်မှုဆိုင်ရာ အကြောင်းအရာများ၊ လူမျိုးရေး နှင့် ဘာသာရေး အခြေပြု စော်ကားမှု များ၊ နိုင်ငံရေးအရ ပြင်းထန်သော ဝေဖန်မှုများကို အဓိကထား လေ့လာထားပါသည်။ ထို့ အပြင် ဤမုန်းတီးရေးစကားဝိုင်းများကို တားဆီး ကာကွယ်ရန် လိုအပ်သော နည်းပညာ ဆိုင်ရာနှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ ဖြေရှင်းနည်းများကိုလည်း အကြံပြုထားပါသည်။

မေလအတွင်း မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများနှင့် ဆက်စပ်ကာ အမုန်းစကားများ ပြောင်းလဲလာပုံကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည် ။ ဤအချက်အလက်များသည် ငြိမ်းချမ်းရေး တည်ဆောက်သူများ၊ မီဒီယာလုပ်သားများ၊ မူဝါဒချမှတ်သူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် အသုံးဝင်သော ကိုးကား ချက်တစ်ခု ဖြစ်စေရန် ရည်ရွယ်ပါသည်။

## ၂။ သုတေသနနည်းနာ

အမုန်းစကားသည် စိတ်ခံစားမှု အမုန်းတရားပေါ်မူတည်ပြီး ပေါ်ပေါက်လာသော စကားရပ် ဖြစ်သည့်အလျောက် အဓိပ္ပါယ်ဖွင့်ဆိုရန် ကျယ်ပြန့်ပြီး တိကျသောဖွင့်ဆိုချက်ဟူ၍ မရှိပေ။ သို့ဖြစ်ရာ ယခုအစီရင်ခံစာ၏ရည်ရွယ်ချက်အတွက် အမုန်းစကားဖွင့်ဆိုချက်ကို BHRN မှ အောက်ပါအတိုင်း သတ်မှတ်ထားသည်။

တစ်စုံတစ်ဦး သို့မဟုတ် အုပ်စုတစ်စုကို ရည်ရွယ်၍ လူတစ်ဦးကို အကာအကွယ်ပြုရမည့် ဝိသေသလက္ခဏာများကို ပြင်းထန်စွာ ဝေဖန်ခြင်း၊ ပြစ်တင်ခြင်း၊ ရန်လိုခြင်း၊ မုန်းတီးခြင်း၊ ခွဲခြားနှိမ့်ချဆက်ဆံမှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ စာဖြင့်ရေးသားခြင်း၊ အမူအယာဖြင့် ဖော်ပြခြင်း၊ အနုပညာဖြင့် ဖော်ပြခြင်းတို့ကို ဆိုလိုသည်။

လူသားတစ်ဦး၏ ကိုးကွယ်မှု၊ ဘာသာစကား၊ လိင်၊ လိင်စိတ်ခံယူမှု၊ နိုင်ငံသားဇစ်မြစ်၊ တိုင်းရင်းသားဖြစ်မှု၊ အသားအရောင်၊ လူမျိုး၊ ယုံကြည်မှု၊ နိုင်ငံသားဖြစ်မှု၊ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များ စသည့် မွေးရာပါအခွင့်အရေးများကို ထိခိုက်ပြောဆိုခြင်းတို့ကိုဆိုလို ပါသည်။

လေ့လာမှုတွင် တွေ့ရှိသည့် အမုန်းစကားများကို အောက်ပါအတိုင်းပြန်လည်ခွဲခြားပါသည်။

- အပြစ်သားများအဖြစ် ပုံဖော်ရေးသားသည့် အမုန်းစကားများ၊
- နိုင့်ထက်စီးနင်းပြောဆိုသည့် အမုန်းစကားများ၊
- လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့်အမုန်းစကားများ၊

- ဆူပူအကြမ်းဖက်မှုကို အားပေးသည့် အမုန်းစကားများ၊
- ခြိမ်းခြောက်မှုအဖြစ် ပုံဖော်ရေးသားသည့် အမုန်းစကားများ၊
- အကြမ်းဖက်မှုနှင့် အမုန်းစကားကြောင့် ကျူးလွန်သည့် လုပ်ရပ်များကို ဂုဏ်ယူစရာအဖြစ်ရေးသားသည့် အမုန်းစကားများ

စသည်တို့ဖြင့် အမျိုးအစားခွဲခြားထားပါသည်။

မှတ်တမ်းတင်ထားသော အချက်အလက်များတွင် အမုန်းစကားကို လူမှုကွန်ယက်စာမျက်နှာတွင် ရေးသားသည့် ရက်စွဲ၊ ရေးသားသူအမည်၊ အသုံးပြုသည့် လူမှုကွန်ယက်စာမျက်နှာ ပလက်ဖောင်း၊ reach၊ အမုန်းစကား ဦးတည်ပစ်မှတ်များ၊ အမုန်းစကားအမျိုးအစားများ၊ အမုန်းစကား အသုံးပြုထားသော အဓိက အသုံးအနှုန်းတို့ ပါဝင်သည်။

အမုန်းစကားများကို မှတ်တမ်းတင်ရာတွင် အကာကွယ်ပေးရမည့် ဝိသေသ လက္ခဏာရှိသော အုပ်စုများကို ပြောဆိုသည့် အမုန်းစကားများကိုသာ အမုန်းစကားအဖြစ် သတ်မှတ်ကာ မှတ်တမ်းတင်သည်။ ဥပမာ ဘာသာရေးအရ၊ လူမျိုးစု၊ တိုင်းရင်းသားများအရ၊ ကျားမဖြစ်တည်မှုအရ၊ လိင်စိတ်ခံယူမှုအရ၊ အသားအရောင်အရ၊ နိုင်ငံသားဖြစ်မှုအရ စသည့်ဖြစ်တည်မှုများကို ရည်ရွယ်ချက်ရှိစွာ မုန်းတီးစေရန် လှုံ့ဆော်သည့် အမုန်းစကားများကို အမုန်းစကားအဖြစ် သတ်မှတ်သည်။ အကာကွယ်ပေးရန် မလိုသည့် အုပ်စုများကို ပြောဆိုမှုအား အမုန်းစကားအဖြစ်မသတ်မှတ်ပေ။ ဥပမာ-လက်နက်ကိုင်အစုအဖွဲ့များ၊ နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းများ (NUG,KNU,KIO,etc)၊ စစ်တပ်နှင့်ပတ်သက်သည့်အရာရှိများ၊ စသည့် အစုအဖွဲ့များကို ပြောဆိုမှုအား အမုန်းစကားအဖြစ် မသတ်မှတ်ပေ။

BHRN သည် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးစစ်ရေးတင်းမာမှုများ ဖြစ်ပေါ်နေချိန်တွင် စစ်တပ်နှင့် ၎င်း၏ဝါဒဖြန့်ချန်နယ်များမှဖြန့်ဝေနေသည့် သတင်းအကြောင်းအရာများတွင် ပါဝင်သည့် အမုန်းစကားအသုံးအနှုန်းများကို နေ့စဉ်လေ့လာစောင့်ကြည့် မှတ်တမ်းတင်ထားပါသည်။

၁။ **ဒေတာစုဆောင်းခြင်း (Data Collection)**

- **စောင့်ကြည့်သည့်ပလက်ဖောင်းများ**: Facebook, Tiktok, Telegram channel များမှ ဒေတာများစုဆောင်းခြင်း
- **အကြောင်းအရာအမျိုးအစားများ**:
  - လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးနှင့် လိင်နှင့်ဆိုင်သော မုန်းတီးရေးစကားများ
  - အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုကို လှုံ့ဆော်သည့် အကြောင်းအရာများ
  - အန္တရာယ်ရှိသော မှားယွင်းသတင်းများ(Misinformation)နှင့် လှုံ့ဆော်မှုဆိုင်ရာပို့စ်များ

**၂။ ဒေတာချဉ်းကပ်နည်း (Data Approach)**

- စနစ်တကျစစ်ဆေးခြင်း (Manual Monitoring): အမုန်းစကားလေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်များက သတ်မှတ်ထားသော စကားစုများ၊ ပုံများနှင့် ဗီဒီယိုများကို စိစစ်ခြင်း။

**၃။ ဒေတာခွဲခြမ်းစိတ်ဖြာခြင်း (Data Analysis)**

- **အကြောင်းအရာအလိုက်အမျိုးအစားခွဲခြားခြင်း**:လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး စသည့် အကြောင်းအရာများအလိုက် အုပ်စုဖွဲ့ခြင်း။

- **ပျံ့နှံ့မှုအတိုင်းအတာ**: ဆိုရှယ်မီဒီယာပေါ်ရှိ Engagement (Like, Share, Comment) နှင့် Reach ကို တိုင်းတာခြင်း။
- **အဓိကထုတ်လုပ်သူများကို ဖော်ထုတ်ခြင်း**: Hate speech ပြုလုပ်သည့် အဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ လွှမ်းမိုးမှုအား ဆန်းစစ်ခြင်း။

**၄။ ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းများ** (Ethical Considerations)

- **ဒေတာလျှို့ဝှက်မှု**: စောင့်ကြည့်မှတ်တမ်းတင်ထားသော အချက်အလက်များကို အများပြည်သူနှင့် မသက်ဆိုင်သူများထံ မဖော်ပြဘဲ လုံခြုံစွာသိမ်းဆည်းခြင်း။

**၅။ ကန့်သတ်ချက်များ (Limitations)**
- အချို့သော အွန်လိုင်းလှုပ်ရှားမှုများသည် လျှို့ဝှက်ဆက်သွယ်မှုပလက်ဖောင်းများ (Encrypted Platforms) တွင် ဖြစ်ပေါ်နေပြီး စောင့်ကြည့်ရန်ခက်ခဲခြင်း။
- ဒေတာအတုအယောင်များ (Fake Accounts/Bots)ကြောင့် အမှန်တကယ်လူမှုသက်ရောက်မှုကို တိကျစွာ ခန့်မှန်းရခက်ခြင်း။
- လူမှုကွန်ယက်မီဒီယာတခုလုံးအား ခြုံငုံနိုင်အောင် စောင့်ကြည့်လေ့လာနိုင်မှုမရှိခြင်း။
- စစ်ကောင်စီမှ အင်တာနက်အသုံးပြုမှုကို လျှော့ချခဲ့သည့်အတွက် လေ့လာစောင့်ကြည့်ရာတွင် အကန့်သတ်များရှိခြင်း။

## ၃။ စောင့်ကြည့်လေ့လာမှုများ

အမုန်းစကားများ ဖြန့်ဝေရန်အတွက် စစ်အစိုးရနှင့် ထောက်ခံသူများ အသုံးပြုနေသည့် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာတို့ကို စောင့်ကြည့်ခြင်းဖြင့် ဤအစီရင်ခံစာကို စုစည်းထားပါသည်။ အထူးသဖြင့် BHRN သည် ၂၀၂၆ခုနှစ် မေလတွင် Facebook gp ၃ ခု Page ၁ ခု နှင့် Facebook အကောင့် ၁၃ ခု စောင့်ကြည့်မှုတွင် အမုန်းစကားတွေ့ရှိမှု ( ၄၃ ) ခု ၊ Telegram Channels 24 ခု မှ အမုန်းစကား တွေ့ရှိမှု ( ၃၁ ) ခု ၊ Tik Tok account ၂၄ ခုစောင့်ကြည့်ရာတွင် အမုန်းစကားတွေ့ရှိမှု ( ၂၆) ခုကို တွေ့ရှိခဲ့ရသည်။ ပုံနှိပ်မီဒီယာ စောင့်ကြည့်မှုအနေဖြင့် သတင်းစာ ၂ စောင် နှင့် ဂျာနယ် ၁ စောင် တို့ကို စောင့်ကြည့်ခဲ့ပါသည်။

မေလအတွင်း အမုန်းစကားလေ့လာစောင့်ကြည့်မှုတွင် သတင်းတု သတင်းမှားများ၊ အမုန်းစကားဖြန့်ဝေမှု (၁၀၀) ခုကို မှတ်တမ်းတင်ခဲ့သည်။ ရလဒ်များကို တင်ပြရာတွင် သုတေသနရလဒ်များကို ဇယားများ၊ ဂရပ်များနှင့် ရှင်းလင်းသော စာသားများဖြင့် တင်ပြမည်ဖြစ်သည်။ အမုန်းစကားများ၏ အဓိကအကြောင်းရင်းများ၊ သက်ရောက်မှုများနှင့် ကာကွယ် တားဆီးရန် နည်းလမ်းများကို အကြံပြုချက်များနှင့်အတူ တင်ပြမည်ဖြစ်သည်။ ဆိုရှယ်မီဒီယာတခုလုံးကို လွှမ်းခြုံနိုင်သည့် လေ့လာစောင့်ကြည့်မှုမျိုးကို လုပ်ဆောင်ရန်အတွက် အကန့်သတ်များစွာရှိသဖြင့် မှတ်တမ်းမတင်နိုင်သည့် အမုန်းစကားဖြစ်စဉ်များလည်း ရှိနိုင်ပါသည်။

**အဓိက တွေ့ရှိချက်များ**
**1. ပစ်မှတ်ထားခံရသော အုပ်စုများ**

- **အစ္စလာမ်ဘာသာဝင်များ**အား အစ္စလာမ်မစ်အကြမ်းဖက် ၊ ကုလား ၊ ဝက်မစား ကဲ့သို့

သော အရေးအသားများရေးသား၍ ခွဲခြားနှိမ့်ချ ဘာသာရေးအရ စော်ကားရေးသားမှုများ ပြုလုပ်ခြင်း။

- **ရိုဟင်ဂျာလူမျိုးများ**အား ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်သူများအဖြစ် “ ခိုးဝင်ဘင်္ဂလီ ” “ လူမျိုးလိမ် ” ဟူ၍ အပြစ်သားများ အဖြစ်ပုံဖော်ရေးသား စွပ်စွဲမှုများ ဆက်တိုက်ပြုလုပ်ရေးသား တိုက်ခိုက်မှုများ ။
- **အမျိုးသမီးများ**အပေါ် ဦးတည်ပစ်မှတ်ထား ရေးသားကြသည့်အမုန်းစကားများတွင် လူအဖြစ်မှ နှိမ့်ချသုံးနှုန်းရေးသားထားမှုများ အပါအဝင် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း၊ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ထုတ်ဖော်ခြင်းနှင့် ဂုဏ်သိက္ခာကျဆင်းစေသော စွပ်စွဲချက်များ ပြုလုပ်ခြင်း။
- **သတင်းတု၊ သတင်းမှားရေးသားမှုများ**တွင် အကြမ်းဖက်စစ်အုပ်စုမှကျူးလွန်သည့် ပြစ်မှုများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တော်လှန်ရေးဆင်နွှဲနေသည့် PDF အဖွဲ့မှ ကျူးလွန်သည့်ပုံဖော်၍ အပြစ်သားအဖြစ် စွပ်စွဲရေးသားမှုများ။

**2. အမုန်းစကား၊ သတင်းတုသတင်းမှားများ ဖြန့်ဝေသည့် နည်းလမ်းများ**

- **ဆိုရှယ်မီဒီယာ** (Facebook, TikTok, Telegram) များပေါ်တွင် အစ္စလာမ်ဘာသာဝင်များနှင့် ရိုဟင်ဂျာလူမျိုးများအား လူမျိုးရေး၊ ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ အမုန်းစကားများအား ပို့စ်များ၊ ဗီဒီယိုများ၊ ကာတွန်းများအဖြစ် အသွင်မျိုးစုံ ဖြန့်ဝေခြင်း။
- သတင်းတုများဖြန့်ဝေကာ ပြည်သူလူထုအား သံသယကြီးထွားအောင် ဖန်တီးခြင်းများ။

**3. သက်ရောက်မှုများ**

- အမျိုးသမီးများ၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာ ထိခိုက်မှု၊ တက်ကြွလှုပ်ရှားသူများအား အွန်လိုင်းနှင့် လက်တွေ့တွင် ခြိမ်းခြောက်နှိပ်စက်မှုများ။
- လူမျိုးရေး ၊ ဘာသာရေး အမုန်းတရားများ ကြီးထွားလာကာ ငြိမ်းချမ်းရေးတည်ဆောက်မှုကို ဟန့်တားခြင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အတားအဆီးဖြစ်စေခြင်း။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တော်လှန်ရေးဆင်နွှဲနေသည့် PDF အဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ သံသယဝင် အမုန်းတရားကြီးထွားလာစေခြင်း ။

# ၄။ တွေ့ရှိချက်များ

## အစ္စလာမ်ဘာသာဝင်များအပေါ် အမုန်းစကားဖြန့်ဝေမှုများ


Aung Kyaw San
11h ·

ခရစ်ယာန် နိုင်ငံတွေမှာ မူစလင် ဗလီတွေ အများကြီးရှိကြတယ်။ ဗုဒ္ဓဘာသာ နိုင်ငံတွေမှာလဲ မွတ်စလင် ဗလီတွေအများကြီးလက်ညှိုးထိုးမလွဲ ရှိကြတယ်။ အစ္စလာလမ်မစ် နိုင်ငံတွေနဲ့ အမြဲ ရန်ဖြစ်နေတဲ့ အစ္စရေးနိုင်ငံမှာတောင် မွတ်စလင် ဗလီထားရှိတယ်။ သို့ပေမဲ့ မွတ်စလင် နိုင်ငံတွေမှာတော့ ဗုဒ္ဓဘာသာ ဘုရားရုပ်ထုတွေလဲ ဖျက်စီးခံရသလို၊ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းလဲ မရှိကြဘူး။ ရိပ်သာလေးတောင်ခွင့်မပြုဘူးဒါကိုမြန်မာမူဆလင်အမည်ခံတဲ့သူတွေကတခါလေးမှတောင်းဆိုတာကြားဖူးလား အကုန်တစိတ်တည်းပါဆိုမူဆလင်မှန်ရင် ခရစ်ယာန် ဘုရားကျောင်းတွေလဲ မရှိကြဘူး။ ဒါကြောင့် မူစလင် ပြဿနာက ပေါ့သေးသေး မဟုတ်ဘူး။ မြန်မာနိုင်ငံအနေနဲ့ မွတ်စလင်တွေနဲ့ ပတ်သတ်ရင် သဘောထားပျော့ပြောင်းလို့ မရဘူး။ ဘယ်နိုင်ငံကပဲ လူ့အခွင့်အရေးခေါင်းစဉ်ပဲ တပ်တပ် ကိုယ့်ပြည်တွင်းရဲ့ မူရင်းဝိသေသန လက္ခဏာ မပျက်စီးရအောင် တင်းတင်းကြပ်ကြပ် ကိုင်တွယ်သင့်တယ်။ အမျှော်အမြင်နည်းပါးတဲ့ ခေါင်းဆောင်တွေကြောင့် မြန်မာပြည်မှာ မူစလင်တွေ ပိုပိုများလာတယ်။ ဗလီတွေ များများလာတယ်။ ဒါတွေက အမျိုးသားရေး ခြိမ်းခြောက်မှုတွေထဲက တစ်ခုပဲ ။ ရပ်ကွက်ထဲမှာ မွတ်စလင်နဲ့ ဘာသာခြား ယူရင် မွတ်စလင်ပဲ ဆွဲသွင်းခံရတာတွေကို ဥပဒေနဲ့ ကာကွယ်ပေးသင့်တယ်။ ဘာသာ မတူ လက်ထပ်ရင် မွေးလာတဲ့ကလေးက. ဘာသာမဲ့ ထားရှိပေးသင့်တယ်။ ဒါမှမဟုတ် ဗုဒ္ဓဘာသာ ခံယူရမယ်ဆိုတဲ့ ဥပဒေ ထုတ်သင့်တယ်။ တစ်ဖက်သတ် ဆန်တယ် ထင်ရပေမဲ့ ဒါက မြန်မာနိုင်ငံဖြစ်နေလို့ မြန်မာနဲ့ ကိုက်ညီတာပဲ လုပ်သင့်တယ်။ ဥရော

ဗုဒ္ဓဘာသာနိုင်ငံ၊ ခရစ်ယာန်နိုင်ငံများတွင် အစ္စလာမ်နှင့်ပတ်သက်သည့် အဆောက်အဦးများ ရှိသော်လည်း အစ္စလာမ့်နိုင်ငံများတွင် အခြားဘာသာများနှင့် သက်ဆိုင်သည့် အဆောက်အဦးများ ထားရှိခြင်းကို ခွင့်မပြုကြောင်း Aung Kyaw San Facebook Acc တွင် အမုန်းစကားဖြန့်ဝေ ထားသည်။ မြန်မာအစိုးရအနေဖြင့် မွတ်စလင်အရေးကိစ္စများအပေါ် သဘောထား ပျော့ပျောင်း၍




မရကြောင်းကို ၎င်းက ဆိုထားပြီး အစ္စလာမ်ဘာသာဝင်များအား အကြမ်းဖက်များအဖြစ်ပုံဖော်ကာ အမုန်းစကားဖြန့်ထားသည်။ [မှုရင်းပို့စ် Aung Kyaw San]

နှစ် ၈၀ နီးပါး ပြည်တွင်းစစ်ပွားနေသော မြန်မာနိုင်ငံတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးအကြောင်းပြချက်ဖြင့် ပြန်လည် အသက်သွင်းထားသော ဧည့်စာရင်းဥပဒေကို အစ္စလာမ်ဘာသာဝင်များအတွက် ရည်ရွယ်သည့်သဘော အမုန်းစကားဖြန့်ဝေမှုကို ရဲခေါင် Facebook Acc တွင် ပြုလုပ်ထား သည်။ ၎င်းက ဧည့်စာရင်းတိုင်ကြားရာ တွင် ရပ်ကျေးအဖွဲ့ဝင်များက ငွေကြေး ကောက်ခံမှုကို ဖော်ပြရင်း အစ္စလာမ်သာသာဝင်များအား လှောင်ပြောင်သရော်သည့် အသုံးအနှုန်းများဖြင့် အကြမ်းဖက်သဖွယ် အမုန်းစကားဆိုထားသည်။ [မူရင်းပို့စ် ရဲခေါင်]







ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်တွင် ကလေးသူငယ်များအား အစ္စလာမ်ဘာသာဝင် ပရဟိတဆရာဆရာမများမှ ကျူရှင်သင်ကြားပေးခြင်းကို အကြောင်းပြုပြီး အစ္စလာမ်ဘာသာဝင်များအား အမုန်းစကားဖြန့်ဝေမှုကို Momiji Momiji Facebook Acc တွင် ပြုလုပ်ထားသည်။ ၎င်းက အစ္စလာမ်ဘာသာဝင်များကို အထောက်အထားမဲ့များအဖြစ် စွပ်စွဲထားပြီး ပြည်တွင်းနေ အစ္စလာမ်ဘာသာ




ရေးဆရာများအား ဖမ်းဆီးအရေးယူရန် ခြိမ်းခြောက်မှု ပြုလုပ်ထားသည်။ [မူရင်းပို့စ် Momiji Momiji]

မလေးရှားတွင် အခြေချနေထိုင်နေသော မြန်မာလူမျိုးအစ္စလာမ်ဘာသာဝင် TikTok Cele တစ်ဦးနှင့် မြန်မာ့သရုပ်ဆောင်နှင့် မော်ဒယ်တစ်ဦးတို့၏ ကိုယ်ရေးကိုယ်တာအရ အထင်အမြင်လွဲမှားမှု ကို အကြောင်းပြုပြီး အစ္စလာမ်ဘာသာဝင်များအား Darling Mg Facebook Acc အမုန်းစကား ဖြန့်ဝေထားသည်။ ယင်းဖြန့်ဝေမှုသည် အစ္စလာမ်ဘာသာဝင်များအား အကြမ်းဖက်သမားများအဖြစ် ထင်မြင်မှုကို ဖြစ်ပေါ်စေခဲ့သည်။ [မူရင်းပို့စ် Darling mg]




စစ်ကောင်စီမှ အတင်းအဓမ္မခေါ်ယူမှုကြောင့် စစ်မှုထမ်းရသော လူငယ်မှာ နှစ်ပြည့်အိမ်ပြန်ခရီးကို ကြိုဆိုသည့် ဓာတ်ပုံအားဖော်ပြကာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို မြန်မာရိုးရာ ကျေးညီနောင် ပုံပြင်ဖြင့်ခိုင်းနှိုင်းပြီး အစ္စလာမ်ဘာသာဝင်များအား အမုန်းစကားဖြန့်ဝေထားသည်။ အမုန်းစကားဖြန့်ဝေမှုကို အစဉ်တစိုက်လုပ်ဆောင်နေသည့် ဒေါက်တာမိုင်း TikTok တွင် စစ်မှုထမ်းလူငယ်များသည် လူလိမ္မာများဖြစ်ပြီး ပြည်သူ့ကာကွယ်ရေးတပ်များသည် OIC အစ္စလာမ်အကြမ်းဖက်တွေ၏ စကားကြောင့် အကြမ်းဖက်မှုများ လုပ်ဆောင်နေသည်ဟု OIC နိုင်ငံများနှင့် အစ္စလာမ်ဘာသာအား အကြမ်းဖက်အဖြစ် ပုံဖော်ကာ အမုန်းစကားဖြန့်ဝေထားသည်။ [မူရင်းပို့စ် ဒေါက်တာမိုင်း]

မန္တလေးတိုင်း၊ အောင်မြင်သာဇံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်အတွင်းရှိ ဈေးဗလီပြင်ဆင်နေသည်ဟု တိုင်းတန်းမှုကို အကြောင်းပြု၍ အစ္စလာမ်ဘာသာဝင်များအပေါ် အမုန်းစကား ဖြန့်ဝေမှုကို အမျိုးသားရေးဆရာတော် Pauk Ko Taw TikTok Acc ပြောဆိုတင်ပြထား

သည်။ ဆရာတော်မှ အဆိုပါ ဗလီအား တရားမဝင်အဆောက်အဦးအနေဖြင့် ပြောကြားခဲ့သည့်အတွက် အမျိုးသားရေးအစွန်းရောက်များ၏ အကြမ်းဖက်မှုကို ဖြစ်ပေါ်စေနိုင်သည်။ **မူရင်းပို့စ် Pauk Ko Taw**

## ရိုဟင်ဂျာများအပေါ် အမုန်းစကားဖြန့်ဝေမှု

စင်္ကာပူနိုင်ငံတွင် နေထိုင်နေသည့် Melvin Moe ဆိုသည့် Facebook Acc ပိုင်ရှင်မှ စင်္ကာပူနိုင်ငံသားတစ်ဦး၏ မြန်မာအမျိုးသမီးများ၏ ရုပ်ရည်ပိုင်းဆိုင်ရာ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် ရိုဟင်ဂျာများအား လှောင်ပြောင်သရော်သည့်အသုံးအနှုန်းများဖြင့် အမုန်းစကားဖြန့်ဝေထားသည်။ ၎င်းက မြန်မာအမျိုးသမီး ရုပ်ရည်လှပကြောင်းအား လောကခံရိုက်ခတ်မှုကြောင့် ရုပ်ပိုင်းဆိုင်ရာ နွမ်းလျနေသည့် ရိုဟင်ဂျာများအား နိုင်ငံမဲ့ဒုက္ခသည်များအဖြစ် ပုံဖော်ကာ နှိုင်းယှဉ် ပြခြင်းဖြင့် အမုန်းစကားဖြန့်ဝေထားသည်။ **မူရင်းပို့စ် Melvin Moe**

အမေရိကန်၊ အင်္ဂလန်နှင့် ဂျပန်တို့သည် ဒေါ်အောင်ဆန်းစုကြည်ကို အကြောင်းပြကာ ရိုဟင်ဂျာများအား နိုင်ငံသားဖြစ်ခွင့် တောင်းခံနေခြင်းဖြစ်သည်ဟု ရဲခေါင် Facebook Acc တွင် အမုန်းစကားဖြန့်ဝေထားသည်။ ၎င်း၏ ရေးသားဖော်ပြမှုများသည် ရိုဟင်ဂျာများအား လူအဖြစ်မှ နိမ့်ချစော်ကားသည့် အသုံးအနှုန်းများဖြင့် အမုန်းစကားဆိုထားသည်။ **မူရင်းပို့စ် ရဲခေါင်**

ရွှေဘိုမင်းကြီးဆိုသည့် Facebook Acc တွင် ရိုဟင်ဂျာများ တိုင်းရင်းသားအခွင့်အရေးတောင်းဆိုမှုသည် ဒေါ်အောင်ဆန်းစုကြည် ဖွဲ့စည်းခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးအဖွဲ့ကြောင့် ဖြစ်သည်ဟု ရိုဟင်ဂျာများအပေါ် ပစ်မှတ်ထား အမုန်းစကားဆိုထားသည်။ ၎င်းက ရိုဟင်ဂျာများအား နိမ့်ကျသောအသုံးများ၊ လှောင်ပြောင်သရော်သော အသုံးအနှုန်းများဖြင့် အကြမ်းဖက်များအဖြစ် ပြောဆိုရေးသားထားသည်။ **မူရင်းပို့စ် ရွှေဘိုမင်းကြီး**


ရွှေဘို မင်းကြီး
6d ·
#၁၉၈၂နိုင်ငံသားဥပဒေဖြစ်ပေါ်လာပုံသမိုင်း
#အပိုင်း(၁)
ခိုးဝင်ဘင်္ဂါလီများ နိုင်ငံသားဖြစ်ရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဒေါ်စုက ဖန်တီးပြုလုပ်ခဲ့တယ်။ အဲဒီအဖွဲ့ဟာ ခိုးဝင်တို့ နိုင်ငံသားရဖို့ ၁၉၈၂နိုင်ငံသား ဥပဒေကို ပြင်ဆင်ဖို့ထိ ပြောလာတယ်။

နိုင်ငံသားဥပဒေဆိုတာ နိုင်ငံခြားသားတွေ မြန်မာရေမြေလေ နဲ့ပိုင်ဆိုင်ခွင့်အကျိုးကို အလွယ်တကူမရအောင် ကာကွယ်ထားတဲ့ ဥပဒေမျိုးပဲ။

၁၉၄၈လွတ်လပ်ရေးရပြီးနောက်မှာ အစိုးရ က ၁၉၄၈ ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေး အက်ဥပဒေနဲ့ ၁၉၄၈ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေကို ပြဌာန်းခဲ့တယ်။ အဲဒီ ဥပဒေ နှစ်ရပ်စလုံး ၁၉၄၇ ခြေ/ဥ ကို အခြေခံပြီး ရေးဆွဲခဲ့တာ။

၁၉၄၉ နိုင်ငံတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေနဲ့ ၁၉၅၁မှာ နည်းဥပဒေ ပြဌာန်းခဲ့တယ်။ဥပဒေ၊နည်း ဥပဒေပြဌာန်း ပြီးနောက် ၁၉၅၅-၁၉၅၆ခုနှစ်မှာ အမျိုးသား၊ယာယီ၊ သာသနာဝင် ကဒ်တွေကို စတင်ထုတ်ပေးခဲ့တယ်။

၁၉၄၉ ကစပြီး မြန်မာနိုင်ငံတွင်း တရုပ်ဖြူ ကျူး ကျော်လို့ ၁၉၆၁ မှာ ဘဘ စစ်ဆင်ရေးနဲ့ နှင်ထုတ်ခဲ့ရတယ်။ ထို့အတူ ၁၉၄၉ မှာ မူဂျာဟစ် တွေ ဝင်သောင်းကျန်းလို့ ရှင်းရတာ ၁၉၆၁ ကြမှ လက်နက်ချလို့ ပြီးဆုံးသွားရတယ်။ အဒီတုန်းက နိုင်ငံခြားသားတွေ မြန်မာပြည်ထဲမှာ နေရာယူလာကြတယ်။

ဒါ့အပြင် ၁၉၅၆/၁၉၆၀ ရွေးကောက်ပွဲအတွက် မဲဆွယ်စဉ်က ဦးနုကိုယ်တိုင်ဖားဝပ်ရွာမှာ မွတ်စလင်တွေကို မဲထည့်ပေးရင် နေခွင့်ရမယ် မှတ်ပုံတင် ရမယ်လို့ ပြောခဲ့တယ်။ မကြာမှီ ပြည်ထဲရေးဝန်ကြီး ဦးဗမောင်(ခ) အဒူလဒစ် ရဲ့ ထောက်ခံမှုနဲ့ အရှေ့ပါကစ္စတန်က ဘင်္ဂါလီတွေ မြန်မာပြည်ထဲကို ခေါ်သွင်းလာတာ ရွာပေါင်း ၅၀လောက်ထိ ဖြစ်လာတယ်။

ဦးနု အာဏာရလာတော့ မွတ်စလင်တွေ အမတ်နေရာ၊ဝန်ကြီး နေရာထိ ရလာတယ်။ နိုင်ငံသားပြုခွင့်ရလို့ လည်း ဒီလိုနေရာတွေ ရလာကြတာ။ ၁၉၆၀ကြတော့ ဘင်္ဂါလီတွေဟာ ရိုဟင်ဂျာ ဆိုတဲ့ အမည်နဲ့ စာအုပ်ထုတ်ပြီး နိုင်ငံသား အခွင့်အရေးနဲ့ ခွဲထွက်ခွင့်တွေထိ လှုပ်ရှားလာကြတယ်။

၁၉၆၂ ဦးနေဝင်း အာဏာ ရလာတော့ ခွဲထွက်ရေး လှုပ်ရှားမှုနဲ့ နိုင်ငံသား အခွင့်အရေး လှုပ်ရှားမှု အရှိန်အဟုန် နည်းသွားတယ်။၁၉၆၉ ကြတော့ မွတ်စလင်တွေဟာ တစ်စ တစ်စ ပြန်ဝင်လာပြီး မြေပေါ်မြေအောက် လှုပ်ရှားမှုများ ပြန်လည် စတင်လာကြတယ်။ ၁၉၇၁ မှာ ဘင်္ဂါလီတွေဟာ ရိုဟင်ဂျာ အမည်နဲ့ အကြံပြုစာတမ်းများကို ဦးနေဝင်း ထံကို အကြိမ်များစွာ ပို့ပေးလာကြတယ်။ ဒါပေမယ့် ဦးနေဝင်း က လက်မခံဘူး။

၁၉၇၂ နှစ်ကြမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံ လွတ်လပ်ရေး ရတယ်။ နိုင်ငံတော်အကြီးအကဲက ရှိတ်မူဂျီ ဘာရာမန်။ ၁၉၇၅ကြတော့ ဘင်္ဂါလီလူမျိုး တွေက မင်းမဲ့စရိုက်ဆန်လို့ စစ်ဗိုလ်တွေက အာဏာသိမ်းခဲ့ကြတယ်။ အာဏာသိမ်းပွဲမှာ ရှိတ်မူဂျီဆာရာမန် သေဆုံးလို့ ဗိုလ်ချုပ်ကြီး ဇီယာရာမန် အာဏာရတယ်။ နောက် ဆင့်ကဲ အာဏာသိမ်းမှုတွေ ဘင်္ဂလားဒေ့ရှ်မှာ ဖြစ် လာကြလို့ နိုင်ငံတွင်းမှာ လူသတ်ပွဲ မျိုးစုံ နေရာ မလပ်ဖြစ်နေကြတယ်။ ဒီနေ့ခေတ် မြန်မာနိုင်ငံလိုပဲ။

အဲသလို လူသတ်ပွဲတွေ ဖြစ်နေကြလို့ ဘင်္ဂလား ဒေ့ရှ်က ဘင်္ဂါလီတွေဟာ ရခိုင်ဘက်ကို ကူးပြေးလာကြတယ်။

အဲလို ကူးပြေး လာကြတာ နေရာ များစွာ ပဲ။ ဂိတ်ရှိတဲ့ နေရာက ကူးလာသူတွေကို နယ်ခြားစောင့် တပ်တွေက ခြောက်လှန့် ပစ်ကြတော့ ပါကစ္စတန်၊မလေး စတဲ့ နိုင်ငံတွေက မြန်မာဟာ မွတ်စလင် တွေကို လူမျိုးတုန်း သတ်ဖြတ်နေကြပါတယ်လို့ စွပ်စွဲ ကြတယ်။ ဒါ့အပြင် ကမ္ဘာ သိအောင်ထိ ကြေငြာ ခဲ့ကြတယ်။

မွတ်စလင် တွေဟာ သူတို့ ဘာသာဝင်ထိ ရင် သူတို့နိုင်ငံသား ဟုတ်ဟုတ် မဟုတ်ဟုတ် မှန်မှန် မမှန်မှန်အရမ်းနာတက်ကြတယ်။
#ဆက်ရန်
#ရွှေဘိုမင်းကြီး

667 54 comments 306 shares
Like Comment Share

ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်တွင် ဖြစ်ပွားခဲ့သော စာသင်ကြားခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်ကို ပြန်လည်ဖော်ပြပြီး ရိုဟင်ဂျာများအပေါ် အမုန်းစကားဖြန့်ဝေမှုကို U Zaw Zaw Facebook Acc တွင် ရေးသားထားသည်။ ပြည်တွင်းနေ ရိုဟင်ဂျာများအား ပေးထားသည့်

နိုင်ငံသားဖြစ်ခွင့် အထောက်အထားများအား ပြန်လည်စစ်ဆေးသင့်ကြောင်းနှင့် ၎င်းတို့ ဝင်ရောက်ရာ ရာဇဝင်များကို ပြန်လည်စစ်ဆေးသင့်ကြောင်း ၎င်း၏ ရေးသားမှုသည် ရိုဟင်ဂျာများအား အထောက်အထား မမှန်ကန်သူများအဖြစ် ထင်မြင်ကာ အမုန်းတရားတိုးပွာလာစေနိုင်သည်။ [မူရင်းပို့စ်](#) [U Zaw Zaw](#)

## ခရစ်ယာန်ဘာသာဝင်များအပေါ် အမုန်းစကားပြောဆိုမှုများ




ခရစ်ယာန်ဘာသာဝင် တရားဟောပြောနေသည့် ဗီဒီယိုတစ်ပုဒ်အား ဖော်ပြကာ ခရစ်ယာန်ဘာသာဝင်များအား အမုန်းစကားဖြန့်ဝေမှုကို Ko Ta Mar TikTok Acc တွင် ပြုလုပ်ခဲ့သည်။ ၎င်းက ဗီဒီယိုအား ပြန်လည်မျှဝေရာတွင် ခရစ်ယာန်ဘာသာအား အလိမ်အညာများပြည့်နေသော ဘာသာတခုအဖြစ် ပုံဖော်ကာ လှောင်ပြောင်သရော်သော အသုံးအနှုန်းများ၊ အကြမ်းဖက်သူများအဖြစ် အမုန်းစကားဆိုထားသည်။ [မူရင်းပို့စ်](#) [Ko Ta Mar](#)

မြန်မာနိုင်ငံ၏ ပညာရေးစနစ်အရ ကျောင်းသူကျောင်းသား အများစုသည် ကျူရှင်ဆိုသည့် ပြင်ပသင်ကြားရေး စနစ် အကူအညီ ရယူကြရသည်။ Ko Ye entertainment ဆိုသည့် Facebook Page တွင် ကျောင်းသူကျောင်းသားများ ကျူရှင်သင်ကြားပါက သင်ကြားသူ ဆရာ၊ဆရာမကို ဘာသာခြားများမဖြစ်စေရန် စုံးစမ်းလေ့လာသင်ယူသင့်ကြောင်းနှင့် ခရစ်ယာန်ဘာသာဝင်များဖြစ်ပါက ကျူရှင်တွင် ဘုရာသီးချင်းများကို ထည့်သွင်းသင်ကြား သီဆိုစေကြောင်း အမုန်းစကားဖြန့်ဝေထား သည်။ ၎င်းက ခရစ်ယာန်ဘာသာဝင်များအား ဘာသာရေးစည်းရုံးသူများအဖြစ် ပုံဖော်ထားသည်။ [မူရင်းပို့စ်](#) [Ko Ye entertainment](#)



**အမျိုးသမီးများအပေါ် အမုန်းစကားဖြန့်ဝေမှု**

အာဏာရှင်တော်လှန်ရေးတွင် ပါဝင်သည့် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာစော်ကားပြောဆို အမုန်းစကားကို **နိုင်စိုးနှင့်အမျိုးများ** တယ်လီဂရမ်ချန်နယ်တွင် ဖြန့်ဝေမှုပြုလုပ်ထားသည်။ ၎င်း၏ ရေးသားမှုများတွင် တော်လှန်ရေးတွင် ပါဝင်သည့် အမျိုးသမီးများအား လိင်ကျွန်များအဖြစ် လှောင်ပြောင်သရော်သော အသုံးအနှုန်းများဖြင့် အမုန်းစကားဆိုထားခြင်းဖြစ်သည်။ **မှုရင်းပို့စ် နိုင်စိုး နှင့် အမျိုးများ**

ကချင်လွတ်မြောက်ရေးတပ်မတော် KIA တွင် သင်တန်းတက်ရောက်နေသည့် ပြည်သူ့ကာကွယ်ရေး အမျိုးသမီးများအား KIA ခေါင်းဆောင်များမှ အဓမ္မပြုကျင့်နှိပ်စက်နေကြောင်း အမျိုးသမီးများ၏ ဂုဏ်သိက္ခာအား ထိပါးစော်ကားသည့်အမုန်းစကားဖြန့်ဝေမှုကို ကာတွန်းမာဃမှ တယ်လီဂရမ်ချန်နယ်တွင် ရေးဆွဲသရုပ်ဖော်ထားသည်။ ၎င်း၏ သရုပ်ဖော်မှုကြောင့် ဗမာတိုင်းရင်းသားများနှင့် ကချင်တိုင်းရင်းသားများအကြား ပဋိပက္ခ ဖြစ်ပွားစေနိုင်သလို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် အမျိုးသမီးများအား အကြမ်းဖက်အဖြစ် ပုံဖော်ထားသည်။ **မှုရင်းပို့စ် ကာတွန်း မာဃ**




စစ်စည်းကမ်းဖောက်ဖျက်သည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် အမျိုးသမီးများအား ပြစ်ဒဏ်ပေးသည့် ဗီဒီယိုအား ပြန်လည်မျှဝေကာ လိင်ကျွန်များအဖြစ် အမုန်းစကားဖြန့်ဝေကို နိုင်စိုးနှင့်အမျိုးများ တယ်လီဂရမ်ချန်နယ်တွင် ပြုလုပ်ထားသည်။ ၎င်းက စာချိုးဖြင့် လှောင်ပြောင်သရော်သော အသုံးအနှုန်းများဖြင့် ရေးဖွဲ့ထားသည်။ **မှုရင်းပို့စ် နိုင်စိုးနှင့် အမျိုးများ**

ချင်းပြည်နယ်ကာကွယ်ရေးတပ်ဖွဲ့၏ အမျိုးသမီးများ စစ်ရေးလေ့ကျင့်မှု ဓာတ်ပုံအားဖော်ပြကာ ချင်းပြည်သူ့ကာကွာကွယ်ရေးအမျိုးသမီးများအား အမုန်းစကားဖြန့်ဝေမှုကို မှိုင်းဝေ တယ်လီဂရမ်ချန်နယ်တွင် ပြုလုပ်ထားသည်။ ၎င်းက လှောင်ပြောင်သရော်သည့် အရေးအသားဖြင့် ချင်း PDF တပ်ဖွဲ့ဝင် အမျိုးသမီးများအား လူအဖြစ်မှ နိမ့်ချထားကာ အမုန်းစကားဆိုထားသည်။ **မှုရင်းပို့စ် မှိုင်းဝေ**




ရခိုင်ပြည်နယ်တွင် ငတ်မွတ်ခေါင်းပါးမှုဒဏ်ကြောင်း အမျိုးသမီးများလိင်ကျွန်အဖြစ် လုပ်ကိုင်နေရသည်ဟု မှိုင်းဝေ တယ်လီဂရမ်ချန်နယ်တွင် အမုန်းစကားဖြန့်ဝေထားသည်။ ၎င်းက ရခိုင့်တပ်




တော် AA ကြောင့် ရခိုင်ပြည်နယ်တွင် အငတ်ဘေးဆိုက်ရောက်နေကြသဖွယ် ဝါဒဖြန့်ချိလိုသဖြင့် အားနည်းသည့် အမျိုးသမီးများအား လိင်ကျွန်အဖြစ် ပုံဖော်ကာ လှောင်ပြောင်သရော်ထားသည် ။ [မူရင်းပို့စ် မှိုင်းဝေ]

## သတင်းတု သတင်းမှား လေ့လာစောင့်ကြည့်မှု

မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ချောင်းဦးမြို့နယ်၊ ရှမ်းထူးရွာတွင် ကျောင်းထိုင်ဆရာတော်အပါအဝင် သံဃာ ၂ ပါး သတ်ဖြတ်ခံရမှုသည် အစ္စလာမ်ဘာသာကိုးကွယ်သော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ သတ်ဖြတ်သွားခြင်းဖြစ်ကြောင်း မမှန်သတင်း ဖြန့်ချိမှုကို နေပြည်တော် တယ်လီဂရမ်ချန်နယ်တွင် ပြုလုပ်ထားသည်။ ၎င်းက လုပ်ကြံဖန်တီးထားသော သတင်းဖြင့် တော်လှန်ရေးအား ပုံဖျက်တိုက်ခိုက်သလို အစ္စလာမ် ဘာသာဝင်များအပေါ်ကိုလည်း အမုန်းစကားဆိုထားခြင်း ဖြစ်သည်။ [မူရင်းပို့စ် နေပြည်တော်]






မကွေးတိုင်း၊ မြိုင်မြို့နယ်၊ သရက်ကန် ပြည်သူ့စစ်ရွာတွင် ပြည်သူ့စစ် တာဝန်ထမ်းဆောင် နေသူများ၏ မိသားစုဝင်များအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ pdf များမှ သတ်ဖြတ်ခဲ့သည်ဟု U Kyaw Soe Oo တယ်လီဂရမ်ချန်နယ်တွင် မမှန်သတင်းဖြန့်ချိထားသည်။ ၎င်းက ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်ပေါ်စေရန် ရည်ရွယ်၍ အမုန်းစကား ရေးသားထားခြင်းဖြစ်သည်။ မူရင်းပို့စ် U Kyaw Soe Oo

ကယားပြည်နယ်၊ ဖရူးဆိုခရိုင်အတွင်းရှိ စစ်ရှောင်စခန်းတခုအား စစ်ကောင်စီတပ်မှ မီးရှို့ဖျက်ဆီးပြီးနောက် ပြည်သူ့ကာကွယ်ရေးတပ်စခန်းအား ချေမှုန်းခြင်းဖြစ်သည်ဟု ဝိနည်းလွတ် ဝါဒဖြန့်ချိထားသည်။ စစ်ကောင်စီထောက်ခံသည့် Truth Media တယ်လီဂရမ်ချန်နယ်မှ စစ်ရှောင်စခန်းတိုက်ခိုက်ခံရမှုကို ဖုံးကွယ်လိုသည့်အတွက် မမှန်ကန်သော ချိတ်ဆက်မှုကို ပြုလုပ်ကာ အမုန်းစကားဆိုထားသည်။ မူရင်းပို့စ် Truth Media

## ၅။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ




## ၆။ အမုန်းစကား ဦးတည်ပစ်မှတ်များ အရေအတွက်ပြပုံ




## ၇။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ




## ၈။ သတင်းတုသတင်းမှား အရေအတွက်ပြပုံ






## ၉။ ပလက်ဖောင်းအလိုက် ဖြန့်ဝေမှု




## ၁၀။ နိဂုံး

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် မေလအတွင်း အမုန်းစကားဖြန့်ချိမှု အခြေအနေမှာ လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်လာခြင်းနှင့်အတူ လူမှုကွန်ရက်စာမျက်နှာများ (အထူးသဖြင့် တယ်လီဂရမ်နှင့် ဖေ့စ်ဘွတ်ခ်) ပေါ်တွင် ဘာသာရေး၊ လူမျိုးရေးနှင့် နိုင်ငံရေးအရ သွေးခွဲလှုံ့ဆော်မှုများ ပိုမိုမြင့်တက်ခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကို အကြောင်းပြု၍ ရခိုင်နှင့် ရိုဟင်ဂျာ/မွတ်စလင် လူ့အဖွဲ့အစည်းများ

အကြား စိုးရိမ်စိတ်နှင့် ရန်ငြိုးများ ပိုမိုနက်ရှိုင်းလာစေရန် ရည်ရွယ်သည့် သတင်းမှားများနှင့် အမုန်းစကား လှုံ့ဆော်မှုများ အရှိန်အဟုန်ဖြင့် ပျံ့နှံ့ခဲ့ပြီး၊ တစ်ဖက်တွင်လည်း အရပ်သားအချင်းချင်းအကြား အပြန်အလှန် သံသယပွားစေမည့် ကောလာဟလများနှင့် ပစ်မှတ်ထားတိုက်ခိုက်သည့် ပြောဆိုမှုများ စုပြုံဖြစ်ပွားခဲ့သည်။

ထို့အပြင် ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် ချင်းပြည်သူ့ကာကွယ်ရေးတပ်မတော်တို့ကို အခြေပြုပြီး ခရစ်ယာန်ဘာသာဝင် အများစုနေထိုင်ရာ ဒေသများရှိ ဘုရားကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် ဘာသာရေးခေါင်းဆောင်များကို လက်နက်ကိုင်ပဋိပက္ခများနှင့် တိုက်ရိုက်ဆက်စပ်ကာ စွပ်စွဲပုတ်ခတ်ခြင်း၊ ဘာသာရေးအသွင်ဆောင်သော သွေးခွဲလှုံ့ဆော်မှုများ ပြုလုပ်ခြင်းနှင့် အမျိုးသားရေးအစွန်းရောက်အမြင်ဖြင့် တိုက်ခိုက်ခြင်းများကို တစိုက်မတ်မတ် တွေ့ရှိခဲ့ရသည်။

## Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London, operates across Burma/Myanmar and works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role in advocating for human rights and religious freedom with politicians and world leaders.

## <u>Media Enquiries</u>

Please contact:

Kyaw Win,
Executive Director
Burma Human Rights Network (BHRN)
E: kyawwin@bhrn.org.uk
T: +44(0) 740 345 2378

Ye Min
Editor
Burma Human Rights Network (BHRN)

E: ye.min@bhrn.org.uk

T: +66(0) 994 942 358

Wai Yan

Researcher

Burma Human Rights Network (BHRN)

E: wai.yan@bhrn.org.uk

**Learn More**

[Burma Human Rights Network] | [Phone] | **[E-mail]** | **[Website]**

Connect with us